# (၉) နှစ်အရွယ် ရှမ်းကလေးငယ် သေနတ်ပစ်ခံရ



နွန်နစ်ကို ၎င်း၏မိခင်နှင့်အတူ
မယ်ဟောင်ဆောင်ဆေးရုံပေါ်တွင် တွေ့ရစဥ်

အေးနိုင် / ၈ မတ် ၂၀၀၅ / ၁၉း၁၀

အသက် (၉) နှစ်အရွယ် ရှမ်းကလေးငယ်တဦးကို ထိုင်းလူမျိုးတဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်း ရှိမယ်ဟောင်ဆောင်ဆေးရုံတွင်တက်ရောက်ကုသနေရသည်။

မယ်ဟောင်ဆောင်မြို့လယ်မှ ဆယ်ကီလိုမီတာခန့်အကွာ ဖာပေါင်ခရိုင်၊ တာပွန်တိုင်ရပ်ကွက်နေ အသက် (၆၀) ခန့်ရှိ ထိုင်းလူမျိုး ရဲပင်စင်စား ကြာမန်လီးက ပြီးခဲ့သည့်လ (၂၇) ရက် နံနက် (၁၁) နာရီခွဲခန့်တွင် ၎င်း၏ခြံဝင်းအတွင်း ဝင်ရောက်သည့် နွန်နစ်ကို သေနတ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်ပြီး နာရီပိုင်းအတွင်း ကြာမန်လီးကိုယ်တိုင် ဒဏ်ရာရကလေးငယ်ကို ရဲစခန်းသို့သယ်ဆောင်၍ ၎င်းကိုယ်တိုင်ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ကလေးကို သူခိုးစားပြမှုဖြင့် တိုင်ချက်ဖွင့်ကာ မယ်ဟောင်ဆောင်ဆေးရုံသို့ သွားရောက်ပို့ဆောင်ခဲ့သည်။

ပစ်ခတ်မှုကြောင့် ကလေး၏ ညာဘက်ခြေထောက် ပေါင်လယ်တွင် နှစ်ချက်၊ ခြေသလုံးတွင် တချက် စုစုပေါင်း သေနတ်ဒဏ်ရာသုံးချက် ရရှိသွားသည်။

“၃၈ မမကျည်နဲ့ ပစ်ခံရတာ။ ပထမတချက်က ပေါင်ကို ဟိုဘက် ဒီဘက်ဖောက်သွားတယ်။ ဒုတိယတချက်က အရိုးတည့်တည့်ကို သွားမှန်တယ်။ ကျည်ဆန်က အရိုးမှာခံနေလို့ ဆေးရုံမှာ ခွဲထုတ်ရတယ်။ တတိယတချက်ကတော့ ခြေသလုံးကို ဖြတ်မှန်သွားတယ်။ အခု သံချောင်းထည့်ထားတယ်။ ခြေထောက်တော့ မဖြတ်ရဘူး” ဟု နယ်စပ်ဒေသရောက် ထိုင်းရင်းသား အမျိုးသမီးများ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ (SCOEWBA) မှ ကန္တာရဝတီလေးနွယ်က ပြောကြားသည်။

မဲဟောင်ဆောင်ဆေးရုံ၌ တက်ရောက်ကုသနေသည့် နွန်နစ်က “အရင်ရက်တွေက တအားနာတယ်၊ အခု နာတာလျော့လာတယ်” ဟု ယနေ့ပြောကြားသည်။

သေနတ်ပစ်ခံရသည့်အမှုကို အခင်းဖြစ်ပွားသည့်နေ့တွင်ပင် SCOEWBA အဖွဲ့၊ ကျေးရွာသူကြီးအထက်အဆင့်ရှိ (အော်ပေါတော)၊ သူကြီးတို့အကူအညီဖြင့် ၎င်း၏မိဘများက မယ်ဟောင်ဆောင်ရဲစခန်း၌ တိုင်ကြားခဲ့သော်လည်း တရားခံကြာမန်လီးကို မဖမ်းဆီးသေးချေ။

လေးနွယ်က “အမှုကို ရဲစခန်းတိုင်တဲ့အဆင့်ပဲ ရှိသေးတယ်။ ရဲစခန်းတိုင်တဲ့အဆင့်ဆို ဖမ်းလို့မရသေးဘူးလို့ ရဲကပြောတယ်။ ကျမတို့က အမြန်ဆုံး တရားရုံးတင်ပေးပါ၊ တရားရုံးတင်ပြီး ဖမ်းဝရမ်းထုတ်ပေးပါလို့ ပြောထားတယ်။ ခုထိ ဘာမှ လှုပ်ရှားမှုမရှိသေးဘူး” ဟုပြောကြားသည်။

နွန်နစ်၏မိဘများမှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ် လွိုင်လင်ဇာတိဖြစ်ပြီး မိခင် နန်းခစ်မှာ ထိုင်းနိုင်ငံအသိအမှတ်ပြု အလုပ်သမားကတ် ကိုင်ဆောင်ထားကာ ဖခင် ပဦးမှာ ထိုင်းမှတ်ပုံတင်အပြာကို ကိုင်ဆောင်ထားသည်။ အခင်းဖြစ်ပွားစဥ်တွင် ၎င်းတို့နှစ်ဦးစလုံး အလုပ်ထွက်လုပ်နေကြသဖြင့် (၂) နာရီကျော်ခန့်အကြာမှ ၎င်းတို့သားငယ်သတင်းကို သိရှိခဲ့ကြသည်။

ကလေးမိခင် နန်းခစ်က "ကျမကလေးအတွက် လျော်ကြေးရတာမရတာ အဓိကမဟုတ်ဘူး။ ဒါပေမယ့် မှားတဲ့လူကို ဥပဒေအရ မှားတဲ့အတိုင်း ဆုံးဖြတ်ပေးစေချင်တယ်။ ကျမကလေး ခံစားရသလို အဲဒီလူကိုလည်း ခံစားစေချင်တယ်။ နားလည်တဲ့လူတွေရဲ့ အကူအညီလိုတယ်" ဟု ပြောကြားသည်။

ယင်းအမှုကို တရားစွဲဆိုစီရင်နိုင်ရေးအတွက် မယ်ဟောင်ဆောင်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက လိုက်ပါဆောင်ရွက်လျက်ရှိသည်။ ■